မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

November 20, 2024 Volume 84, Number 12

၂၀.၁၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၃.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၇.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၈.၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၉.၈၇ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၀၁ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၈၉၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၁၁ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၅၀ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုကဏ္ဍတွင် လက်ရှိလျာထားချက် ပြည့်မီအောင် တင်ပို့နိုင်ခဲ့



၂၀၂၄ ခုနှစ်အတွက် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုကဏ္ဍတွင် လက်ရှိလျာထားချက် ပြည့်မီအောင် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းက သိရသည်။

မြန်မာနိုင်ငံက ထွက်ရှိသည့် ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကို နှစ်စဉ်တန်ချိန် နှစ်သန်းကျော် ပြည်ပသို့ တင်ပို့လျက်ရှိရာတွင် အဓိကပဲသုံးမျိုးဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံကို နှစ်စဉ် ၁ ဒသမ ၅ သန်းကျော်တင်ပို့နေပြီးယခု ၂၀၂၄ ခုနှစ်အတွက် ပဲတင်ပို့မှုမှာ လျာထားချက်ပြည့်မီအောင် ပိုမိုတင်ပို့နိုင်ခဲ့ခြင်း ဖြစ်သည်။

ယင်းသို့ တင်ပို့မှုတွင် မတ်ပဲတန်ချိန် ၈ သိန်း၊ ပဲတီစိမ်း ၄ သိန်းခွဲ၊ ပဲစင်းငုံ ၂ သိန်းခွဲ တင်ပို့ထားပြီး စုစုပေါင်း ၁ ဒသမ ၅ သန်းကျော်တင်ပို့နိုင်ခဲ့သည်။

ပဲရာသီအစဖြစ်သည့် ဇန်နဝါရီလမှစတင်ကာ အထူးဈေးကောင်းရရှိခဲ့ပြီး တောင်သူများလည်း အကျိုးအမြတ်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံကတင်ပို့သည့် ပို့ကုန်အများစုသည် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်ပြီး ပဲမျိုးစုံသည်လည်း အဓိကပို့ကုန်တစ်မည်ဖြစ်ကြောင်း သိရသည်။

**Source : Popular News Journal**

## ရေနံချောင်းမြို့နယ်၌ ယခုနှစ်တွင် ပဲစင်းငုံ ၁၅,၂၈၉ ဧက စိုက်ပျိုးပြီးစီး သီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိ



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံရာသီတွင် ပဲစင်းငုံသီးနှံ ၁၅,၂၈၉ ဧက စိုက်ပျိုးပြီးစီးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ရေနံချောင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံရာသီတွင် ပဲစင်းငုံသီးနှံကို တစ်မြို့နယ်လုံးအနေဖြင့် ၁၄,၂၀၂ ဧက လျာထားခဲ့ရာ ယနေ့အထိ ၁၅,၂၈၉ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့်ယခုအခါတွင် အပွင့်အသီးများ လှိုင်လှိုင်ထွက်ပေါ်ကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

ပဲစင်းငုံသီးနှံကို ပြည်တွင်းပဲစားသုံးမှု ဖူလုံပိုလျှံစေရန်နှင့် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရေနံချောင်းမြို့နယ်၌ ပဲစင်းငုံသီးနှံကို မြေပဲ၊နှမ်း၊ပဲတီစိမ်းစသည့် သီးနှံစိုက်ခင်းများတွင် သီးညှပ်အဖြစ် အများဆုံးစိုက်ပျိုးကြကြောင်းနှင့် အရင်းအနှီးနည်းပြီး အမြတ်များများရရှိသည့် သီးနှံဖြစ်သည့်အတွက် တောင်သူများ အားထားစိုက်ပျိုးသည့်သီးနှံတစ်မျိုးဖြစ်ကြောင်း ဒေသခံတောင်သူတစ်ဦးထံက သိရသည်။

Source : **ကြေးမုံသတင်းစာ**

## နာဂဒေသထွက် ကျောက်ကြမ်းပိုးများအား တရုတ်က ဈေးကောင်းပေး ဝယ်ယူလျက်ရှိ



နာဂဒေသတွင် ဆောင်းတွင်းကာလထွက်သည့် ကျောက်ကြမ်းပိုးများကို တရုတ်နိုင်ငံက ဈေးကောင်းပေးဝယ်ယူလျက်ရှိကြောင်း ထန်ပါခွေဒေသခံများထံကသိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ထန်ပါခွေမြို့တွင် ဆောင်းတွင်းကာလရာသီပေါ်ဖြစ်သော ကျောက်ကြမ်းပိုး ရောင်းသူ၊ ဝယ်သူများဖြင့် တစ်ပိုင်တစ်နိုင်မိသားစုဝင်ငွေရရှိလျက်ရှိပြီးကျောက်ကြမ်းပိုး၁၀ သားလျှင် ၃၆,၀၀၀ ကျပ်ရရှိပြီး ၁ ပိဿာလျှင် ၃၆၀,၀၀၀ ကျပ်ရရှိကြောင်းသိရသည်။

ကျောက်ကြမ်းပိုးကို လဟယ်၊ ခန္တီး၊ နန်းယွန်း၊ ပန်ဆောင်မြို့ ကိုယ်စားလှယ်များက လာရောက်ဝယ်ယူလျက်ရှိပြီး ကျောက်ကြမ်းပိုးများရှိရာ နန်စလိန်ချောင်း ကမ်းပါးအနီးတဝိုက်တွင် ကျောက်ကြမ်းပိုးရှာသူများဖြင့်စည်ကားလျက်ရှိကြောင်း သိရသည်။

နာဂဒေသ၊ ထန်ပါခွေမြို့ ဒေသခံပြည်သူလူငယ်များက ကျောင်းပိတ်ချိန်နှင့် တောင်ယာနားချိန် အားလပ်ချိန်များတွင် ကျောက်ကြမ်းပိုးရှာဖွေကြခြင်းဖြစ်ပြီး ထန်ပါခွေမြို့တွင် တစ်နှစ်တစ်ခေါက် ဆောင်းတွင်းတွင်သာ ရသည့်ရာသီပေါ် ကျောက်ကြမ်းပိုးကို ရှာဖွေရရှိနိုင်ခြင်းဖြစ်သည်။

ယခင် ၄ နှစ်ခန့်က ကျောက်ကြမ်းပိုး နို့ဆီတစ်ဘူးလျှင် ကျပ် ၅၀၀၀ မှ ကျပ် ၇၀၀၀အထိ ဈေးရှိခဲ့ရာမှ ပြီးခဲ့သည့်နှစ်က နို့ဆီတစ်ဘူး ကျပ် ၁၀,၀၀၀ မှ ကျပ်၁၅,၀၀၀ အထိ ပေါက်ဈေးရခဲ့ကြောင်းကျောက်ကြမ်းပိုးရှာသူများထံက သိရသည်။

ကျောက်ကြမ်းပိုးကို ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံက စတင်ဝယ်ယူပြီးနောက် ဈေးကောင်းရလာခြင်းဖြစ်ပြီး ယခင်က ကျောက်ကြမ်းပိုး နို့ဆီတစ်ဘူး ကျပ်ငွေ ၅၀၀ ခန့်သာ ရှိကြောင်း သိရသည်။

ကျောက်ကြမ်းပိုးကောင်များကို ဆေးဖော်စပ်ရန် တရုတ်နိုင်ငံက ဈေးကောင်းပေးဝယ်ယူနေခြင်းဖြစ်ပြီး လူသူအရောက်အပေါက်နည်းသော ချောင်းများ၊ ချောင်းစပ် ကျောက်ကြိုကျောက်ကြားများတွင် တွေ့ရကြောင်း သိရသည်။

ကျောက်ကြမ်းပိုးများကို နံနက်ပိုင်းတွင် ကျောက်ခဲများအောက်တွင်ရှာဖွေကြရပြီး ညနေပိုင်း ကျောက်ကြမ်းပိုးအစာရှာထွက်ချိန်တွင် ဝါး၊ ခြင်ထောင်၊ ဆန်ခါခြင်း၊ ရိုက်တံရှည်များဖြင့် ဖမ်းလေ့ရှိကြကြောင်း သိရသည်။

**Source : Popular News Journal**

## ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၈၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၈၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းညောင်တုန်းမြို့နယ်စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးကပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းငရုတ်သီးခြောက်ပိဿာချိန်၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငရုတ်သီးခြောက်ပိဿာချိန် ၈၇၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊အဆိုပါဒေသကတင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက်ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၈၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲ အောက်တိုဘာလအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၈၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ညောင်တုန်းမြို့နယ်ကထွက်တဲ့ငရုတ်သီးခြောက်တွေကအရည်အသွေးကောင်းပါတယ်။ငရုတ်သီးခြောက်တွေက အရည်အသွေးကောင်းတော့ မှာယူမှုများပြီး တင်ပို့အားကောင်းခဲ့တာပါ။ လက်ရှိငရုတ်သီးခြောက်ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၈၀,၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်လက်တွေနဲ့ ချိတ်ဆက်ထားပါတယ်" ဟု ညောင်တုန်းမြို့နယ်စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးထံက သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရန်ကုန်တွင် စားအုန်းဆီ ၂ ပိဿာ ၇၅ ကျပ်သားကို ၂၅,၀၀၀ ကျပ်ဖြင့် ဖုန်းဆက်မှာယူနိုင်



ရန်ကုန်တိုင်းဒေသကြီးတွင် စားအုန်းဆီ ၂ ပိဿာ ၇၅ ကျပ်သားကို ၂၅,၀၀၀ ကျပ်ဖြင့် ဖုန်းဆက်မှာယူနိုင်ကြောင်း မြန်မာနိုင်ငံဆီကုန်သည်နှင့် လုပ်ငန်းရှင်များအသင်းထံက သိရသည်။

ထိုသို့မှာယူနိုင်သောမြို့နယ်များအလိုက်တိုက်ကြီး၊လှည်းကူး၊ မှော်ဘီ၊ ထန်းတပင်၊သန်လျင်၊သုံးခွ၊ကျောက်တန်း၊ ခရမ်း၊တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်များက မှာယူမည်ဆိုပါက စားအုန်းဆီ ၂ ပိဿာ ၇၅ ကျပ်သားကို ၂၅,၀၀၀ ကျပ်ဖြင့် ဖုန်းနံပါတ် ၀၁၄၇ ၀၅၅၆၆ သို့ ဖုန်းဆက်မှာယူနိုင်ကြောင်း သိရသည်။

ကျန်သည့်မြို့နယ်များအတွက် စားအုန်းဆီ ၂ ပိဿာ ၇၅ ကျပ်သားကို ၂၅,၀၀၀ ကျပ်နှုန်းဖြင့် ဖုန်းနံပါတ် ၀၉-၄၇၀၆၇၂၂ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

လက်ရှိတွင် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ အပတ်စဉ်သတ်မှတ်ထုတ်ပြန်ပေးနေသည့် စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ တစ်ပိဿာ ၇၀၀၀ အထိ မြင့်တက်လာနေသည်။

**Source : Popular News Journal**

## မွန်ပြည်နယ်ထွက် ဝဥများကို ပြည်ပသို့ကုန်ချောအဖြစ် ပိုမိုတင်ပို့နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ



မွန်ပြည်နယ်မှထွက်ရှိသော ဝဥများကို အဆင့်မြင့်ကုန်ချောပြုလုပ်ကာ ပြည်ပသို့ကုန်ချောအဖြစ် ပိုမိုတင်ပို့နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လုပ်ငန်းရှင်များထံက သိရသည်။

ပြည်ပစျေးကွက်ဝင်သည့်အဆင့်မြင့်ကုန်ချောထုတ်လုပ်နိုင်ပါကဈေးကောင်းရရှိလာမည်ဖြစ်ကြောင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိတွင် လိုအပ်ချက်များရှိနေသောကြောင့် မွန်ပြည်နယ်ထွက်ဝဥများကိုကုန်ကြမ်းအဖြစ်သာအဓိကတင်ပို့နေရကြောင်း သိရသည်။

မြန်မာနိုင်ငံကထွက်ရှိသောဝဥများကိုတရုတ်နိုင်ငံသို့အဓိကတင်ပို့လေ့ရှိပြီးဂျပန်နိုင်ငံသို့လည်း တင်ပို့နေကြောင်း သိရသည်။

ဝဥကို စားသောက်ကုန်ထုတ်လုပ်မှုတွင် အသင့်စားအသားတု၊ဂျယ်လီနှင့်ခေါက်ဆွဲအမျိုးမျိုးပြုလုပ်ခြင်း၊ဂျုံမှုန့်အစားထိုး ဝဥမှုန့်အဖြစ်အသုံးပြုခြင်း၊စက်မှုကုန်ကြမ်းအနေဖြင့် ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ စာရေးကိရိယာများတွင် အသုံးပြုသော ကော်ပြုလုပ်ခြင်း၊အလှကုန်ပစ္စည်းများတွင် မျက်နှာပေါင်းတင်ဆေးကော်ရည်အဖြစ်ပြုလုပ်သုံးစွဲခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်းအနေဖြင့် အသုံးပြုခြင်း၊ သိုင်းရွက်ကုသခြင်း ၊ သွေးတိုးရောဂါကုသခြင်း စသည့်ဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုကြကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## “The PULSES CONCLAVE 2025” ကျင်းပပြုလုပ်မည်

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၄ ရက်အထိ “The PULSES CONCLAVE 2025” အား ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ စိတ်ဝင်စားသူများအနေဖြင့်မှတ်ပုံတင်ခြင်းများအားအွန်လိုင်းမှတစ်ဆင့်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၊ ပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း (IPGA) သည် သတ္တမအကြိမ်မြောက် The Pulses Conclave 2025 ကို နယူးဒေလီမြို့ရှိ G-20 ထိပ်သီးအစည်းအဝေးကျင်းပရာနေရာဖြစ်သော Bharat Mandanpam, Pragati Maidan တွင် ၂၀၂၅ ခုနှစ်၊ဖေဖော်ဝါရီလ ၁၂ ရက်မှ ၁၄ ရက်အထိကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ယခုကျင်းပပြုလုပ်မည့်သတ္တမအကြိမ်မြောက် အခမ်းအနားကို Pulses for Prosperity- Nourishment with Sustainability” ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အထများ၊ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေးသာယာဝပြောရေးတို့တွင် ပဲမျိုးစုံ၏အရေးပါသော အခန်းကဏ္ဍများကို ဆွေးနွေးဖော်ထုတ်မည်ဖြစ်ကြောင်း သိရသည်။

၂ နှစ် တစ်ကြိမ် ကျင်းပပြုလုပ်သည့် ယခုအခမ်းအနားတွင် အဆင့်မြင့်ဆွေးနွေးပွဲများ၊ နောက်ဆုံးပေါ် စက်မှုလုပ်ငန်း အခြေအနေရှုထောင့်သစ်များနှင့် ပဲမျိုးစုံကဏ္ဍ၏အနာဂတ်ကိုပုံဖော်ပေးနိုင်မည့်ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများကို ဖော်ထုတ်ဆောင်ရွက်ရန်အတွက်အကောင်းဆုံးအခမ်းအနားတစ်ခုဖြစ်ကြောင်း၊အခမ်းအနားတက်ရောက်ရန်အတွက် https:// tickekting.chkdin.com/ pulse-conclave တွင် မှတ်ပုံတင်ခြင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် Patron များအတွက် အထူးမှတ်ပုံတင်ကြေးအား ရူပီး ၁၅,၀၀၀ ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊Patron မဟုတ်သည့် ပုဂ္ဂိုလ်များအတွက် အထူးမှတ်ပုံတင်ကြေးဖြင့် တက်ရောက်နိုင်ရန်နှင့် IPGA Patron များအတွက်ရရှိသည့် အခြားသော အကျိုးခံစားခွင့်များရရှိခံစား နိုင်စေရန်၊ IPGA ရုံးအဖွဲ့သို့ ဆက်သွယ်၍ IPGA patronship အတွက် အဖွဲ့ဝင်ကြေးပေးသွင်းဆောင်ရွက်နိုင်ကြောင်းနှင့် အခမ်းအနားဆိုင်ရာ အသေးစိတ်အချက်အလက်များကို www.ipga.co.in သို့ဝင်ရောက်ကြည့်ရှုခြင်း(သို့မဟုတ်)thepulseconclave@ipga.co.in သို့ မေးမြန်းဆောင်ရွက်နိုင်ကြောင်း၊ အဆိုပါအခမ်းအနားသို့ တက်ရောက်လိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၀၈၆၂၂၊ E-mail:event. td. Myantrade @ gmail.

com သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းရရှိသည်။

**Source :** https://myantrade.gov.mm/event/naypyitaw_19112024-1540

## အောင်ပန်းမြို့၌ ငရုတ် ၊ ကြက်သွန်နှင့် ချင်းသီးနှံကုန်စည်ပြပွဲ ကျင်းပမည်

ရှမ်းပြည်နယ်တောင်ပိုင်း၌ စိုက်ပျိုးထွက်ရှိသည့် ငရုတ်၊ကြက်သွန်နှင့်ချင်းသီးနှံကုန်စည်ပြပွဲကို ဒီဇင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် အောင်ပန်းမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

" ဒီပြပွဲကို ကလော၊အောင်ပန်းနဲ့ ပင်းတယဒေသတွေက တောင်သူတွေအတွက် အဓိကကျင်းပတာပါ၊ တောင်သူတွေ အနေနဲ့အစုအဖွဲ့လိုက်ရောင်းဝယ်တတ်စေဖို့နဲ့ ဈေးကွက်ကောင်းတွေရရှိစေဖို့ ရည်ရွယ်ကျင်းပတာပါ။ တောင်သူတွေက အရင်က စိုက်ပျိုးပြီးရင် အဆင်ပြေတဲ့ပွဲရုံတွေမှာပဲရောင်းကြတယ်။အခု ပြပွဲကနေတစ်ဆင့် ရောင်းကြတာပေ့ါ၊ တောင်သူနဲ့ ကုန်သည်တွေ တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်မယ်။ ငရုတ်နဲ့တွဲစိုက်တဲ့ ကြက်သွန်ဖြူချင်းတွေပါ ပါဝင်ပြသမှာဖြစ်ပါတယ်"ဟု တောင်သူဈေးမှ ဈေးကွက်ဖွံ့ဖြိုးရေးတာဝန်ခံက ပြောသည်။

အဆိုပါပြပွဲတွင် ဝယ်ယူသူများအနေဖြင့် တောင်သူများနှင့်တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်မည့်အပြင်စိုက်ပျိုးသူများ အဆင်ပြေစေရန်ပြပွဲကို ၁၅ ရက်လျှင်တစ်ကြိမ် ကျင်းပမည်ဖြစ်ကြောင်း၊တောင်သူဈေးနှင့်အတူ ပွဲရုံ၊ ကုန်သည်၊ ကုန်စည်ဒိုင်များ ဈေးကောင်းရရှိစေရန် အခြေခံဈေးနှုန်းများ သတ်မှတ်ဝယ်ယူပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်သူများအတွက် စိုက်ပျိုးနည်းပညာအပြင် ဒေသမျိုးသန့်မျိုးစေ့များ၊ ဆိုလာရေသွင်းစက်များ၊ မြေသြဇာများနှင့်စိုက်ပျိုးစရိတ်ကြိုတင်ထုတ်ပေးသည့် ဝန်ဆောင်မှုများကိုပါ တစ်နေရာတည်းတွင် ရရှိနိုင်ပြီး ပြည်တွင်း၊ပြည်ပဈေးကွက်များနှင့်လည်း အလွယ်တကူချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## ကြက်သွန်နီ၊ ကြက်သွန်ဖြူဈေးနှုန်းများမြင့်တက်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့ မြို့မဈေးတွင်ရောင်းချနေသော ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ဈေးနှုန်းများသည် ယခုနိုဝင်ဘာလတွင် ဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်းသိရသည်။

ယခင်အောက်တိုဘာလ စတုတ္ထပတ်တွင်ရောင်းချခဲ့သော ကြက်သွန်နီဈေးနှုန်းများမှာ ကြက်သွန်နီ (အသေး) တစ်ပိဿာလျှင် ၂၅၀၀ ကျပ်၊ ကြက်သွန်နီ (အကြီး)တစ်ပိဿာလျှင် ၃၀၀၀ ကျပ်၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ၂၂,၀၀၀ ကျပ်ဖြစ်ခဲ့ပြီး ယခုနိုဝင်ဘာလဒုတိယပတ်တွင်ရောင်းချနေသော ကြက်သွန်နီဈေးနှုန်းများမှာ ကြက်သွန်နီ(အသေး) တစ်ပိဿာလျှင် ၄၈၀၀ကျပ်၊ ကြက်သွန်နီ (အကြီး)တစ်ပိဿာလျှင် ၅၅၀၀ကျပ်၊ကြက်သွန်ဖြူ ကြူကုတ်တစ်ပိဿာလျှင်၂၅,၀၀၀ကျပ်နှုန်းဖြင့်ရောင်းချနေကြောင်း သိရသည်။

စားသုံးသူများအနေဖြင့် ကြက်သွန်နီ၊ ကြက်သွန်ဖြူဈေးနှုန်းများမြင့်တက်လျက်ရှိသော်လည်းကြက်သွန်နီ၊ ကြက်သွန်ဖြူသည် ကျန်းမာရေးအတွက်လည်း ကောင်းမွန်ပြီး အိမ်ထောင်ရှင်မများအတွက်လည်း မရှိမဖြစ် အသုံးဝင်သည့်အတွက် ဈေးနှုန်းများမြင့်တက်သော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

**Source : DOCA(ပဲခူး)**

https://www.doca.gov.mm/

## မန္တလေးဈေးချိုတော်တွင် ကုန်ခြောက်မျိုးစုံနှင့် အဝတ်အထည်ပစ္စည်းများ နိုဝင်ဘာလဒုတိယပတ်မှစ၍ အရောင်းအဝယ်ကောင်းမွန်နေ



မန္တလေးဈေးချိုတော်တွင် ကုန်ခြောက်မျိုးစုံနှင့်အဝတ်အထည်ပစ္စည်းများ နိုဝင်ဘာလဒုတိယပတ်မှစ၍ အရောင်းအဝယ်ကောင်းမွန်နေကြောင်းအဆိုပါဈေးအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မန္တလေးမြို့တွင် စည်ပင်ပိုင်ဈေးပေါင်း၄၀ကျော်ရှိသည့် အနက်ဈေးချိုတော်မှာအဝတ်အထည်လူသုံးကုန်၊ စားသောက်ကုန်၊အသီးအနှံအပါအဝင်အခြားပစ္စည်းအမျိုးမျိုးကိုလက်လီလက်ကားဖြန့်ဖြူးရောင်းချပေးနေသည့် ဈေးကြီးတစ်ခုဖြစ်ကြောင်း၊ ဈေးချိုတော် တွင် ယခုလက်ရှိ ကုန်ခြောက်နှင့် အဝတ်အထည်ပစ္စည်းများ နိုဝင်ဘာလဒုတိယမှစ၍ အရောင်းအဝယ် ကောင်းမွန်လာကြောင်း သိရသည်။

" အခုဈေးချိုတော်မှာ ကုန်ခြောက်တွေနဲ့ လူသုံးကုန်ပစ္စည်းတွေ အရောင်းအဝယ်ပိုပြီးဖြစ်လာတယ်။ လတ်တလောကုန်ခြောက်တွေဝယ်ယူမှုများနေလို့ အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိနေပါတယ်" ဟုအဆိုပါဈေးအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောပြသည်။

အလားတူ မန္တလေးဈေးချိုတော်သို့ တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် အဝတ်အထည်များအပါအဝင် အခြားလူသုံးကုန်ပစ္စည်းများလည်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"မန္တလေးဈေးချိုတော်ကနေ အဝတ်အထည်စားသောက်ကုန်နဲ့ အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုးဖြန့်ချီပေးနေတာဖြစ်ပါတယ်။ အခုဈေးချိုတော်မှာ ကုန်ခြောက်တွေဖြစ်တဲ့ ရှောက်၊ ကုလားပဲ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူစတဲ့ ကုန်ခြောက်ပစ္စည်းတွေက ရောင်းအားအကောင်းဆုံးဖြစ်နေပြီး အဝတ်အထည်ကတော့ ဒုတိယရောင်းအားအကောင်းဆုံးကုန်ပစ္စည်းတွေပဲ ဖြစ်ပါတယ်" ဟု အဆိုပါဈေးအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## ဟောင်ကောင်ဒေသ ဂျီဒီပီတိုးတက်မှုခန့်မှန်းချက် ပြင်ဆင်

၂၀၂၄ ခုနှစ်၊ တစ်နှစ်ပတ်လုံးအတွက် ဟောင်ကောင်ဒေသ ဂျီဒီပီတိုးတက်မှု ခန့်မှန်းချက်ကို မူလခန့်မှန်းချက်ဖြစ်သည့် ၂ ဒသမ ၅ မှ ၃ ဒသမ ၅ ရာခိုင်နှုန်းအတွင်း မှ၂ ဒသမ ၅ ရာခိုင်နှုန်းသို့ ပြင်ဆင်ခဲ့သည်ဟုဟောင်ကောင်ဒေသအစိုးရက နိုဝင်ဘာလ ၁၅ ရက်တွင် ကြေညာခဲ့ကြောင်း RTHK သတင်းဌာနက ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်တွင် "Govt revises full-year GDP growth forecast to 2.5pc" သတင်းခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ တတိယသုံးလပတ် ဂျီဒီပီတိုးတက်မှုမှာ ၁ ဒသမ ၈ ရာခိုင်နှုန်းသာရှိပြီး ယခင်သုံးလပတ်ထက် တိုးတက်မှုလျော့နည်းခဲ့သည်။

ဟောင်ကောင်ဒေသပြင်ပ၌ ဖြစ်နေသည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမရေရာမှုများ၊ ကုန်သွယ်မှုဆိုင်ရာ ပဋိပက္ခများကဲ့သို့သော စိန်ခေါ်မှုများကြောင့် ဒေသ၏ စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေခြင်းကြောင်းနှင့် တရုတ်ပြည်မနှင့်ဟောင်ကောင်ဒေသအစိုးရတို့မှ စီးပွားရေးမြှင့်တင်စေမည့် ဆောင်ရွက်ချက်များကြေညာခဲ့ခြင်းကြောင့် ဒေသစီးပွားရေးတိုးတက်မှုအရှိန်အဟုန်ရရှိလာမည်ဖြစ်သည်ဟု ဒေသအစိုးရ စီးပွားရေးပညာရှင်ဖြစ်သူ Adolph Leung က ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

**Source : စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့**

https://myantrade.gov.mm/article/Naypyitawstp_181120240359

## ပြည်ပမှထိုင်းနိုင်ငံအတွင်းသို့ တန်ဖိုးနည်းပစ္စည်းများ ဝင်ရောက်လာခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်တစ်ရပ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မူကြမ်းရေးဆွဲလျက်ရှိခြင်း

ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြားမှတန်ဖိုးနည်းကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်သွားမည့်အစီအစဉ်တစ်ရပ်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မူကြမ်းရေးဆွဲလျက်ရှိကြောင်း သိရသည်။

နိုင်ငံခြား e-commerce ပလက်ဖောင်းများ ဝင်ရောက်လာခြင်းသည် အရည်အသွေးနိမ့်သော ပစ္စည်းများကို အွန်လိုင်းမှ ရောင်းချမှုကိုဖြစ်စေပြီး စားသုံးသူများနှင့် ပြည်တွင်းအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ထိခိုက်စေပါကြောင်း၊ ထိုင်းအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးရန် တာဝန်ပေးအပ်ထားသည့် ဝန်ကြီးဌာနက ကော်မတီခွဲက အရည်အသွေးနိမ့် နိုင်ငံခြားမှကုန်စည်များကို နှိမ်နင်းသွားရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်၍ အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် တင်သွင်းလာသည့် ကုန်စည်များအပေါ် စိုက်ပျိုးရေး၊ လူသုံးကုန်နှင့် စက်မှုပစ္စည်းအစရှိသဖြင့် အုပ်စုခွဲခြား၍ နှိမ်နင်းသွားမည့် အစီအမံများကို ဆွေးနွေးခဲ့ပါကြောင်း ဒုတိယဝန်ကြီး H.E Mr. Napintorn Srisunpang က ပြောကြားခဲ့သည်။

စိုက်ပျိုးရေးထုတ်ကုန်များကိုပင်ရင်းနှင့် လူတို့၏ကျန်းမာရေးအန္တရာယ်ဖြစ်သော ပိုးသတ်ဆေး ဓာတ်ကြွင်းများကို စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ လူသုံးကုန်ပစ္စည်းများကို လုံခြုံစိတ်ချရမှုနှင့် အရည်အသွေးကို စစ်ဆေးသွားမည်ဖြစ်ပြီး Temu နှင့် Lazada ကဲ့သို့ e-commerce အွန်လိုင်း ပလက်ဖောင်းများမှ ရရှိနိုင်သည့် ပစ္စည်းများဖြစ်ကြောင်း၊ နိုင်ငံခြား e-commerce လုပ်ငန်း ဆောင်ရွက်သူများသည် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှု ဥပဒေအရ ထိုင်းနိုင်ငံအတွင်းတွင် မှတ်ပုံတင်ထားသော ရုံးများဖွင့်လှစ်ထားရန် လိုအပ်ပါကြောင်း၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများ အက်ဥပဒေ ၁၉၉၉ အရ နိုင်ငံခြားဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းရှင်များသည် စားသုံးသူအကာအကွယ်ပေးရေးဘုတ်အဖွဲ့၏ ခွင့်ပြုချက်ရယူထားရန် လိုအပ်ကြောင်း သိရသည်။

တရုတ်အွန်လိုင်းရောင်းချသူ Temu သည် ထိုင်းနိုင်ငံတွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့ ရက်စွဲဖြင့် တရားဝင်အဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားပါကြောင်း၊ အေဂျင်စီအနေဖြင့် လိုအပ်သော ညွှန်ကြားချက်များကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ စက်မှုသုံးကုန်စည်များအတွက် ထိုင်းစက်မှုစံနှုန်းအင်စတီကျုမှ သတ်မှတ်ထားသော စံနှုန်းများနှင့် ကိုက်ညီသည့်တင်သွင်းကုန်စည်များကို အကောက်ခွန်ဦးစီးဌာနက ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးမှ ကာလတို၊ ကာလလတ်နှင့် ကာလရှည်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ခွင့်ပြုခဲ့ပါကြောင်း၊ ကာလတို အစီအစဉ်များသည် နှစ်ကုန်ပိုင်းတွင် ပြီးစီးမည်ဖြစ်ပြီး ကာလလတ်အတွက် ၂၀၂၅ ခုနှစ်၌ ထိုင်းထုတ်ကုန်များကို ပြည်တွင်းနှင့် ပြည်ပတွင် ယှဉ်ပြိုင်မှုကိုမြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကာလရှည်တွင် ထိုင်းထုတ်ကုန်များအတွက် ဈေးကွက်များ တိုးချဲ့သွားရန်နှင့် ရေရှည်တည်တံ့မှုအတွက် ဖန်တီးပေးသွားနိုင်ရေးအတွက် ဆက်စပ်ဥပဒေများကို ပြင်ဆင်သွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာတွင် စတင်အသက်ဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၇ ခုနှစ်တွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှဝင်ငွေ၏ GDP တွင် ပါဝင်နှုန်းကို ၃၅ ဒသမ ၂ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသို့ တိုးတက်လိုကြောင်း၊ မျှော်မှန်းထားချက်ကို ပြည့်မီရန်မှာ အသေးစားနှင့် အလတ်စားလုပ်ငန်းများကို သင်တန်းများ၊ ဘဏ္ဍာငွေများမှတစ်ဆင့်ထောက်ပံ့ပေးရန်၊ အွန်လိုင်းဈေးကွက်နေရာများမှတစ်ဆင့် ထုတ်ကုန်များရောင်းချပေးခြင်း၊ နိုင်ငံတကာပြပွဲများတွင် လုပ်ငန်းချိတ်ဆက်မှုများဆောင်ရွက်ပေးခြင်းတို့ဖြစ်ကြောင်း၊ ပြည်ပမှတန်ဖိုးနည်းကုန်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခြင်းနှင့်စပ်လျဉ်း၍ အဖြေရှာရန် လိုအပ်သောမူဝါဒများနှင့် အစီအမံများချမှတ်ရန် ကော်မတီခွဲတွင် အခွင့်အာဏာရှိပါကြောင်း၊ ပိုမိုတင်းကျပ်သောဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ၊အနာဂတ်ကုန်သွယ်မှုနှင့်ကိုက်ညီသည့်သက်ဆိုင်ရာ ဥပဒေများ ပြင်ဆင်ခြင်း၊ အခွန်အစီအမံများဆောင်ရွက်ခြင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ ပေးခြင်းနှင့်ကုန်သွယ်ရေးမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ခြင်း စသည့်ဆောင်ရွက်သွားမည့်အစီအမံ ၅ ခုနှင့် လုပ်ငန်းစဉ် ၆၃ ခု ရှိကြောင်း သိရသည်။

Source: www.bangkokpost.com ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

https://myantrade.gov.mm/article/Naypyitawstp_201120240935

## တရုတ်လျှပ်စစ်ကား ကုန်သွယ်မှုပြဿနာများဖြေရှင်းရာတွင် တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ရန် ပြင်သစ်အားတရုတ်မှ တိုက်တွန်း




တရုတ်နိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီး Wang Wentao က အီးယူ၏ အဓိကအဖွဲ့ဝင်ဖြစ်သော ပြင်သစ်အား တရုတ်လျှပ်စစ်ကားများအပေါ် အစိုးရထောက်ပံ့မှုဆန့်ကျင်ရေး အီးယူ၏စုံစမ်းစစ်ဆေးမှုတွင် ရိုးသားမှုနှင့် ကိုယ်ချင်းစာမှုရှိရေး တိုက်တွန်းပေးရန် မေတ္တာရပ်ခံခဲ့သည်။

ရှန်ဟိုင်း၌ ကျင်းပမည့် ၇ ကြိမ်မြောက် တရုတ်၊ နိုင်ငံတကာ ပို့ကုန်သွင်းကုန်ပြပွဲသို့ လာရောက်သည့် ပြင်သစ်နိုင်ငံခြားကုန်သွယ်မှုဝန်ကြီး၊ ဥရောပရေးရာနှင့် ပြည်ပရေးရာဌာန၏ တွဲဖက်တာဝန်ခံ Sophie Primas နှင့် တနင်္ဂနွေနေ့ က တွေ့ဆုံစဉ် Wang က ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်လျှပ်စစ်ကားများအပေါ် အစိုးရထောက်ပံ့မှုများဆန့်ကျင်ရေး အီးယူ၏စုံစမ်းစစ်ဆေးမှုအပေါ် နှစ်ဖက်ကျွမ်းကျင်သူများအကြား ဒုတိယအကြိမ် ဆွေးနွေးမှုများစတင်နေပြီး အဆိုပါကိစ္စသည် မော်တော်ယာဉ်ထုတ်လုပ်သူများအကြား ပူးပေါင်း ဆောင်ရွက်မှုကို အဟန့်အတားဖြစ်စေကြောင်း၊ တရုတ်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများနှင့်အညီ ညှိနှိုင်းဆွေးနွေးမှုကို စတင်မည်ဖြစ်ကြောင်း၊ အီးယူသည် စက်မှုလုပ်ငန်းကို ဦးစွာစစ်ဆေးရမည့်အစား ထောက်ပံ့မှုဆန့်ကျင်ရေး စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် တရုတ်သည် အီးယူ၏ ဘရန်ဒီ၊ ဝက်သားနှင့် နို့ထွက်ပစ္စည်းများအား ပြည်တွင်းစက်မှုလုပ်ငန်းများအပေါ် ဦးစွာစစ်ဆေးပြီးမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများ ၊ တရုတ်၏ ပြည်တွင်းဥပဒေများနှင့်အညီ စစ်ဆေးသွားမည်ဖြစ်ကြောင်း Wang ကပြောကြားခဲ့သည်။

ဆက်လက်၍ Wang က တရုတ်၏ စုံစမ်းစစ်ဆေးမှုများသည် ဥပဒေနှင့်အညီ ပြင်သစ်အပါအဝင် EU အဖွဲ့ဝင်နိုင်ငံများ၏ အခွင့်အရေးများကို အကာအကွယ်ပေးကာအထောက်အထားနှင့် အချက်အလက်များအရဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ တရုတ်သည် အီးယူနှင့်ပူးပေါင်းကာ လျော်ကန်သော အဖြေကိုရှာဖွေမည်ဖြစ်ကြောင်း၊ တရုတ်-ပြင်သစ် သံတမန်ဆက်ဆံရေး နှစ် ၆၀ ပြည့်အထိမ်းအမှတ်အဖြစ် ပြင်သစ်နိုင်ငံမှ ယခုနှစ်ကုန်စည်ပြပွဲတွင် ကုမ္ပဏီပေါင်း ၁၀၀ ကျော် ပါဝင်ခဲ့ပြီး တရုတ်ဈေးကွက်ကို စိတ်ဝင်စားမှု ပြသခဲ့ကြောင်း ပြောကြားခဲ့သည်။

Primas က ပြင်သစ်သည် တရုတ်နှင့်ကုန်သွယ်ဆက်ဆံရေးတိုးမြှင့်လိုပြီး ယခုနှစ်ကုန်စည်ပြပွဲတွင် အထူးဧည့်သည်နိုင်ငံအဖြစ် တက်ရောက်ရသည်ကို ဝမ်းမြောက်မိကြောင်း၊ တရုတ်နှင့်ကုန်သွယ်မှုတွင် စိုက်ပျိုးရေးနှင့်စားသောက်ကုန်များသည် အဓိကဖြစ်သောကြောင့် အီးယူမှ ဘရန်ဒီအပါအဝင် ကုန်စည်များအပေါ် တရုတ်၏စုံစမ်းစစ်ဆေးမှုများကိုလည်း စိုးရိမ်ပူပန်ကြောင်း၊ နှစ်ဖက်ကုန်သွယ်ရေး တင်းမာမှုများလျှော့ချပြီး ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ကုန်သွယ်ရေးအငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန်မျှော် လင့်ကြောင်း ပြောကြားခဲ့သည်။

**Source :** https://news.cgtn.com/

https://commerce.gov.mm/my/article/update-news-international-trade/31908

## ၂၀၂၄ ခုနှစ်၊ ပထမ ၁၀ လအတွင်း တရုတ်နှင့် APEC အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုသည် ယွမ် ၂၁ ထရီလီယံကျော်အထိ စံချိန်တင်မြင့်မားခဲ့

တရုတ်နှင့် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (APEC)အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်၊ ပထမ ၁၀ လတွင်ယွမ် ၂၁ ထရီလီယံ(အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၁ ထရီလီယံ) သို့ရောက်ရှိခဲ့ပြီးဒင်းတို့၏နက်ရှိုင်းသောစီးပွားရေးပေါင်းစည်းမှုနှင့် ခိုင်မာသော ကုန်သွယ်မှုများကို ပြသနိုင်ခဲ့ကြောင်းသိရသည်။

တရုတ်အကောက်ခွန်ဌာန၏ အချက်အလက်များအရ APEC အဖွဲ့နိုင်ငံများနှင့် ကုန်သွယ်မှုသည် တရုတ်နိုင်ငံ၏ စုစုပေါင်း

ကုန်သွယ်မှု၏ ၅၉ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၇ ရာခိုင်နှုန်းတိုးလာကာ တရုတ်နိုင်ငံ၏ စုစုပေါင်း ကုန်သွယ်မှုတိုးတက်မှုနှုန်းထက် ၀ ဒသမ ၅ ရာခိုင်နှုန်းကျော်လွန်နေကြောင်း သိရသည်။

APEC အဖွဲ့ဝင်နိုင်ငံများအနက် ဗီယက်နမ်၊ ပီရူးနှင့် မလေးရှားတို့နှင့် ကုန်သွယ်မှု တိုးတက်မှုနှုန်းမှာ ၁၀ ရာခိုင်နှုန်း ကျော်လွန်ခဲ့ပြီး ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသနှင့် ထိုင်ဝမ်တို့နှင့်ကုန်သွယ်မှုသည် ၁၁ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၁၁ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း သိရသည်။

တစ်ဝက်တစ်ပျက်ကုန်ချောများသည် APEC အဖွဲ့ဝင်နိုင်ငံများသို့ တရုတ်နိုင်ငံ၏အဓိကပို့ကုန်များဖြစ်ပြီး ပထမ ၁၀ လ အတွင်း ယွမ် ၅ ဒသမ ၅၆ ထရီလီယံရှိခဲ့ပြီး ၈ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ Electronic components၊ auto parts နှင့် display modules များတင်ပို့မှုသည် သိသိသာသာ တိုးတက်လာကြောင်း၊ အထည်အလိပ်၊ သစ်သီးဝလံနှင့် ခရီးသည်တင်ယာဉ်များ အပါအဝင် လူသုံးကုန်ပစ္စည်းများ တင်ပို့မှုမှာလည်း သိသိသာသာ တိုးတက်လာခဲ့ကြောင်း သိရသည်။

သွင်းကုန်အနေဖြင့် APEC အဖွဲ့ဝင်နိုင်ငံများမှ တရုတ်နိုင်ငံသို့ တင်သွင်းမှု၏ ၈၀ ရာခိုင်နှုန်းကျော်သည် စက်ယန္တရားများ၊ စွမ်းအင်ထုတ်ကုန်များနှင့် သတ္တုရိုင်းများအပါအဝင် တစ်ဝက်တစ်ပျက်ကုန်ချောပစ္စည်းများ ဖြစ်ကြောင်းသိရသည်။

တရုတ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုများသည် APEC နိုင်ငံများအတွက် ကုန်သွယ်မှုနှင့် စီးပွားရေးအခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ပြီး ဒေသတွင်းပေါင်းစည်းမှုနှင့် သာယာဝပြောရေးကို မြှင့်တင်ပေးကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်ဟု သိရသည်။

**Source: en.people.cn/n3/2024/1113/c90000-20241236.html**

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_181120240325

## STOCK EXCHANGE (20.11.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Nov. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,501 (Shares) | 30,582,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,600 | 8,600 | 8,500 | 572 | 4,869,600 | 33,109,694 | 284,743 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 1,982 | 6,441,500 | 38,929,150 | 126,520 |
| MCB | 00003 | 8,500 | +100 | +1.19% | 8,500 | 8,500 | 8,500 | 16 | 136,000 | 10,400,986 | 88,408 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,950 | 1,900 | 6,266 | 11,905,450 | 29,664,613 | 56,363 |
| TMH | 00005 | 2,900 | +50 | +1.75% | 2,900 | 2,900 | 2,900 | 529 | 1,534,100 | 12,823,224 | 37,187 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 823 | 1,400,250 | 19,977,223 | 34,960 |
| AMATA | 00007 | 4,400 | +0 | +0.00% | 4,400 | 4,400 | 4,400 | 25 | 110,000 | 10,497,598 | 46,189 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 1,288 | 4,186,000 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 20th Nov. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.55 | +2.65 | +0.67% | 396.26 | 399.34 | 396.26 | 11,501 | 30,582,900 | 8 | 751,736 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm. 20th Nov. 2024

| Trading Volume | Trading Value |
|---|---|
| 11,529 (Shares) | 31,549,900 (MMK) |

## Main Board

As of 1:00 pm. 20th Nov. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,501 (Shares) | 30,582,900 (MMK) |

| MYANPIX | 398.55 ▲ 2.65 |
|---|---|
| Total Volume (shares) | 11,501 |
| Total Value (MMK) | 31 mil |
| Listed Company | 8 |
| Market Cap. (MMK) | 751,736 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 100 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 8,500 | ▲ 100 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,400 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |